ဝေမှူးသွင်

# သစ်ရွက်တို့၏ပေါ့ဆခြင်းများ

ကဗျာရှည်

# ဝေမျှူးသွင်

## သစ် ရွက် တို့ ၏ ပေါ့ ဆ ခြင်း များ

ကဗျာ ရှည်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သစ် ရွက် တို့ ၏ ပေါ့ ဆ ခြင်း များ


## ဝေမှူးသွင်



**ပင်လယ်ကြယ်စာပေမှ စီစဉ်သည်။**

**ဖြန့်ချိရေး**

**နေမျိုးစာပဒေသာ**

အမှတ် (၁၂၉)၊ (၃၄) လမ်း (လယ်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၃၇၃၀၂၄

**စာမူခွင့်ပြုချက်အမှတ်** - ၁၃/၂၀၀၂ (၃)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၃၀/၂၀၀၂ (၉)

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

**စာအုပ်ရေ**

(၁၀၀၀) အုပ်

**ထုတ်ဝေသည့်ကာလ**

၂၀၀၃ ခုနှစ်၊ မေလ။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးကျော်မိုးစိန် (အောင်သာအော့ဖ်ဆက်) (၀၃၁၃၇)

အမှတ် (၁၇၂)၊ (၃၁) လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးသန်းဆွေ (စစ်သည်တော်စာပေ) (၀၁၄၇၃)

(၁၁၃၁/က)၊ ဥယျာဉ်လမ်း၊ ဒဂုံတောင်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးဖလင်** - စတား (Stars)

**အတွင်းသရုပ်ဖော်** - မောင်နိုး

**ကွန်ပျူတာ** - သူသူ

**တန်ဖိုး** - ၅၀၀ ကျပ်

## ရည်ညွှန်းချက်။ ။

**အနုပညာပေါ် ပုံအောစတေးရဲ့သူများသို့. . .။**

## စာရေးသူ၏ ထုတ်ဝေပြီးစာအုပ်များ

၁။ လဆွဲအားနဲ့မိန်းမ (ဝတ္ထုလတ်များ)

၂။ အဆင့်မြင့်ချည်တိုင် (လုံးချင်း)

၃။ အနှေးသွားလွှန်းပျံယာဉ် (လုံးချင်း)

၄။ စိတ်ကောက်နတ်သမီး (လုံးချင်း)

၅။ လေလုံဇကာ (ကဗျာရှည်သုံးပုဒ်)

၆။ အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ (လုံးချင်း)

၇။ သံယောဇဉ်ဖတ်စာ (လုံးချင်း)

## ယခု

၈။ သစ်ရွက်တို့၏ ပေ့ါဆခြင်းများ (ကဗျာရှည်)

## ဆက်လက်၍

၉။ ဝတ်မှုန်ကူးတဲ့ကြယ် (လုံးချင်း)

၁၀။ ကျူးပစ်ကိုယ်တိုင်မသိခဲ့တဲ့ မြားအကြောင်း (လုံးချင်း)

၁၁။ စက္ကူပြန်းရဲ့သီချင်း (လုံးချင်း)

၁၂။ အပျင်းပြေ ဒိုရေမီဖာ (ကဗျာများ)

၁၃။ အဆောင်သူအတွက် . . . (ဝတ္ထုတိုများ)

၁၄။ ဗလာကောင်ရေးတဲ့ ဗလာအကြောင်းများ (ဝတ္ထုတိုများ)

၁၅။ ချစ်သူပြောတဲ့ တနင်္ဂနွေပုံပြင် (လုံးချင်း)

# ပုံသဏ္ဌာန်များ၊ ပျော်ရွှင်ခြင်းများနှင့် အမှတ်တရဖဲချပ်များ

(၁)

ကျွန်တော်ဟာ တစ်ချိန်တုန်းက အမှန်နဲ့အမှားကို ဝင်ရိုး တစ်ခုပေါ်ကနေ တိတ်တိတ်လေး ထိုင်ကြည့်နေခဲ့ဖူးရဲ့။ ခါးသီးသော အဖြစ်အပျက်တွေမှာ လူတစ်ယောက်ရဲ့ လောဘကို ခင်ဗျားတို့လည်း ကိုယ်ချင်းစာနိုင်မယ်လို့ မျှော်လင့်မိပါတယ်။

အဲဒီအခါ ကျွန်တော် မာကျောရိုင်းစိုင်းမိမယ်။
ယဉ်ကျေးသိမ်မွေ့မိမယ်။
အရာရာကို ဥပေက္ခာပြုမိမယ်။

## ၁၂ သစ်ရွက်တို့၏ပေါ့ဆခြင်းများ

ခမ်းနားကြီးကျယ်မိမယ်။

ရုတ်တရက် အခြေအနေမျိုးတွေမှာ အကြောက်အလန့် ကင်းဟန်ဆောင်ပြီး ကျွန်တော်က ဈေးကြီးသလိုနေထိုင်ခဲ့တယ်။ ကဗျာတွေရေးခဲ့တယ်။ ခြေသံလည်း ပြင်းခဲ့တယ်။ ကိုယ့်ကိုယ်ကို အမြဲမပြတ် စောင့်ကြည့်စစ်ဆေးခဲ့တယ်။

နောက်တော့. . .

ရိုးသားမှုကလွဲပြီး အားလုံးကို ရယ်သွမ်းပစ်ခဲ့တယ်။

(၂)

ပြက္ခဒိန်အဟောင်းတွေ တစ်ခုပြီးတစ်ခု နံရံပေါ်က ခုန်ဆင်း သွားကြပြီ။ သေးငယ်တဲ့အစိတ်အပိုင်းများစွာထဲမှာ ရန်လိုမှုဟာ ကျွန်တော့်အနုပညာကို ဦးဆောင်ခဲ့ပါတယ်။ "အချိန်အခါမဟုတ်ဘဲ မပျော်ရွှင်ရဘူး" ဆိုတဲ့ စကားကို ကျွန်တော် လက်မခံပါဘူး။ ကိုယ့်ဂိုး ကိုယ်ပြန်သွင်းမိလို့ အသတ်ခံခဲ့ရတဲ့ ကိုလံဘီယာ ဘောလုံးသမား အက်စကိုဘာ (Escoba) ရဲ့ ကိစ္စဟာ မတရားမှုလို့ သိခဲ့ပါတယ်။ လိမ်ညာခြင်းဟာ တစ်ခါတလေ လိုအပ်မှန်း သိခဲ့ပါတယ်။ အမှန်တရားဟာ (မိုက်မဲတယ်ပဲပြောပြော) တကယ်ရှိတယ်လို့ ယုံကြည်ခဲ့ပါတယ်။

# ၁၄ သစ်ရွက်တို့၏ပေါ့ဆခြင်းများ

(၃)

အပြောင်းအလဲရဲ့ ချိန်ခွင်မှာ ကျွန်တော်တို့ကဗျာတွေ ပိုမိုသေချာလာခဲ့ပြီး ကိစ္စတိုင်းအတွက် အားပါတဲ့ အလှအပဟာ နေရာအနှံ့ ခုန်ပေါက်နေပေလိမ့်မယ်။ ခုနှစ်သက္ကရာဇ် အချို့ကို ဖြတ်ကျော်လာပြီးနောက် ကဗျာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ စကားနည်းနည်းစီ ပြောဖြစ်ခဲ့ကြတယ်။

ကဗျာဆိုတာ ရုပ်ဝတ္ထုပစ္စည်းမဟုတ်ဘူး။ ဒါကြောင့် သူ့ကို ဖန်တီးတဲ့ပညာကို အနုပညာလို့ခေါ်တယ်။

ကဗျာရေးတယ်ဆိုတာ ရုပ်ဝတ္ထုပစ္စည်းကို ပြုလုပ်တာ မဟုတ်ဘူး။ ဒါကြောင့် ဖန်တီးတယ်လို့ သုံးနှုန်းတယ်။

ကဗျာဖတ်တယ်ဆိုတာ ရုပ်ဝတ္ထုပစ္စည်းကို သုံးစွဲတာ မဟုတ်ဘူး။ ခံစားမှုကို ဉာဏ်နဲ့ဘောင်ကွပ်ရတာ. . .။ ဒါကြောင့် ဖတ်တတ်မှ ကဗျာဖြစ်တယ်။ ကဗျာမဖတ်တတ်သူတစ်ယောက် လက်ထဲမှာ ကဗျာစာရွက်ဟာ စက္ကူစုတ်တစ်ခုထက် ပိုပြီးအဖိုးမတန်ဘူး။

မပြည့်စုံတဲ့ အသိဉာဏ်တချို့အတွက် ကဗျာဟာ ရယ်စရာ ဖြစ်မှာပဲ။ ဒီလိုနည်းနဲ့ လက်ညှိုးထိုးအရယ်ခံရတဲ့အခါ ကျွန်တော် ဂုဏ်ယူလိုက်ပါရဲ့။

(၄)

ဒီကမ္ဘာထဲက ကျဉ်းမြောင်းတဲ့မျက်လုံးများစွာအောက်မှာ ဘယ်ကဗျာဆရာမှ မသိမ်ငယ်ဘူးဆိုတာ သေချာပါတယ်။

သစ်ရွက်အကြွေ၊ လရောင်၊ မာစီဒီး၊ ကတ်ကိုဘိန်း၊ စကြဲ့ ရှည်တစ်ခု၊ တက္ကသိုလ်သင်ရိုးညွှန်းတမ်း၊ ဗေဒင်စာအုပ်၊ လက်ဖက်ရည်ကျစိမ့်၊ ဘိုင်ရွှန်၊ ဖိုက်အိုဝမ်းလီဗိုက်(စ်)၊ ကမ်းစကီး၊ စိတ်ကျရောဂါ၊ ကမ္ဘာဦးကျမ်း၊ မိုးလေဝသ အခြေအနေ. . . အစရှိတဲ့ အမည်နာမနဲ့ အပိုင်းအစများမှာ ကျွန်တော်က ရဲရင့်စွာ ကူးခတ်ခဲ့ပါတယ်။

အချိန်ကာလဟာ လူတစ်ယောက်ကို ကျွမ်းသွားစေနိုင်သလား။

နည်းစနစ်ဆိုတာရော ဘယ်လောက်အထိ ဘဝကို ပံ့ပိုးပေး နိုင်မှာလဲ။

ဘာကိုမှမယုံဘဲ အားလုံးကိုလျှောက်လုပ်တာ မှားသလား။

သတင်းနဲ့ နည်းပညာခေတ်ထဲမှာ ကဗျာဆရာဟာ ဘယ်လောက်အထိ အရေးကြီးသလဲ။

ဒါနဲ့ပဲ မေးခွန်းတွေဟာ ပုဂ္ဂလိကဆန်လာခဲ့တယ်။

လောကမှာ အဲဒီမေးခွန်းတွေပဲ တွင်ကျယ်လာခဲ့တယ်။

# ၁၈ သစ်ရွက်တို့၏ပေါ့ဆခြင်းများ

(၅)

ကိုယ်က တစ်စုံတစ်ရာကို သိလိုက်ရင် အဲဒီအသိ အပေါ်မှာ တာဝန်ကျေဖို့ လိုအပ်ပါတယ်။ အဲဒီအသိကြောင့်ပဲ ဟောဒီ "သစ်ရွက်တို့၏ ပေါ့ဆခြင်းများ" ကို ဖန်တီးဖြစ်ခဲ့ပါရဲ့။

ဒီကဗျာရှည်ကို ရေးဖွဲ့နေစဉ်ကာလအခိုက်အတန့် အတွင်း ကျွန်တော်ဟာ ဖဲဝိုင်း၊ ဘောလုံးပွဲနဲ့ မိန်းမတစ်ယောက်ရဲ့အချစ် . . . စသဖြင့်တွေမှာ ကျေနပ်နေချိန်လည်း ဖြစ်ပါတယ်။ ဒီကဗျာရှည်ဟာ စရေးချိန်မှ ပြီးဆုံးချိန်အထိ နှစ်နှစ်နီးပါး အချိန်ကြာမြင့်ခဲ့တယ်။ ရေးပြီး,ပြီးချင်းမှာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းတချို့ကို စာအုပ်ငယ်အဖြစ် လက်ဆောင်ပေးခဲ့ပါတယ်။

(၆)

အခုချိန်အထိတော့ ကျွန်တော်ဟာ ရှေးကွေးတဲ့အရှိန်တွေကို သဘောကျနေမိတုန်းပါပဲ။ ။

ဝေမှူးသွင်
**(၂၀၀၀ ခုနှစ်)**

## သစ်ရွက်တို့၏ ပေါ့ဆခြင်းများ

(၁)

ငါ့ဘဝရဲ့
ပထမဦးဆုံးစာကြောင်းများ၊
ပထမဦးဆုံးအမှိုက်များ၊
ပြီးတော့. . .
ပထမဦးဆုံး ရဲရင့်ခြင်းများ
ဒါတွေနဲ့ပဲ
ဒါတွေကို တံခါးခေါက်
လောကဆီကို ရောက်လာခဲ့ပြီ။

# ၂၂ သစ်ရွက်တို့၏ပေါ့ဆခြင်းများ

(၂)

တစ်ရာသီကနေ တစ်ရာသီပြောင်း၊
ပြက္ခဒိန်တို့လည်း
တစ်ခုပြီးတစ်ခု ဟောင်းသွားကြ၊
ဘဝမာတိကာရဲ့ပထမပိုင်းမှာ
"ပိုက်ဆံက အရေးကြီးတယ်" ဆိုတဲ့ ဝါကျနဲ့နေထိုင်
အလေ့ကျအလွမ်းတွေကို
ကောင်မလေးတစ်ယောက်ဆီ ထားခဲ့ဖူးတယ်။

ဟိုလမ်းမပေါ်က
ယိုင်ရွဲ့နေတဲ့ခြေလှမ်းများလည်း
လုံခြုံနေဖို့လိုရဲ့။
ကမ္ဘာကြီးရဲ့ တစ်ဖက်ဆီမှာ
အသေးအဖွဲ့ ကိုယ်စီနဲ့
ငါတို့ ကြီးကျယ်ကြမယ်။
ရုံဖန်ရံခါ ရုပ်ဝတ္ထုတွေအကြောင်း
ဆွေးနွေးကြမယ်။

အဲဒီနောက်မှာတော့
သူများတွေကြားဖို့မလိုတဲ့အသံနဲ့
ငါ့ရဲ့အချိန်ကာလကို ငါကိုယ်တိုင်မောင်းနှင်မယ်။

## ၂၄ သစ်ရွက်တို့၏ပေါ့ဆခြင်းများ

နောင်အခါ
ငါသေဖို့ လိုအပ်လာတဲ့အခါ
လူသားတို့ ပျော်ရွှင်ကျေနပ်စွာလက်ခံဖို့
သေမင်းနဲ့ တိုင်ပင်မယ်
အမှန်တရားကို နားချမယ်။
ငါ့အတွက် အဆိပ်ခွက်ကို ပြင်ဆင်ထားကြ
ဒီနေရာမှာ ငါ့ကျောပြင်ပေါ်
ရထားတစ်စင်း ခုတ်မောင်းသွားပါစေ။

(၃)

ငါ့နှလုံးသားထဲက
တိတ်ဆိတ်တဲ့ခေါင်းလောင်းထိုးသံ
ဘယ်သူကြားမိသေးလဲ။

ငါတစ်ယောက်ထဲ အဖော်မဲ့ညတွေ
မိန်းမတစ်ယောက်ဆီ
ငွေကြေးနဲ့ ကမ်းလှမ်းလိုက်ရင် ကောင်းမလား။

## ၂၆ သစ်ရွက်တို့၏ပေါ့ဆခြင်းများ

ပထမဆုများ၊
သွေးရူးသွေးတန်းအဖျားများ၊
ရုပ်ရှင်ရုံများ၊ ပန်းခြံများ၊
နံနက်ခင်းများ၊ ဒုက္ခများ၊
ဒီလိုရှုခင်းတွေထဲ
ပိုနေရင် ဖယ်ထုတ်ပစ်လိုက်
ပန်းပုရုပ်ထုတယ်ဆိုတာ
မလိုတာတွေကို ဖယ်ထုတ်ပစ်တာပဲ။

(၄)

မြင်ဖူးကြတယ်မဟုတ်လား
ခွေးဟာ ရိုက်နှက်နေတဲ့လက်ကို လျှက်နေတာလေ။
မာယာကော့ဖ်စကီး
(ဘောင်းဘီဝတ်မိုးတိမ်မှ-)

အဲဒီစာပိုဒ်ကို အထပ်ထပ်ဖတ်
ငါ့ရက်စွဲတွေမှာ ကြမ်းတမ်းလွန်းတဲ့သိက္ခာ
သာမန်ပိုးမွှားဆိုပေမယ့်
ရောဂါတော့ဖြစ်နိုင်ရဲ့။

## ၂၈ သစ်ရွက်တို့၏ပေါ့ဆခြင်းများ

တစ်ကနေစတင်
အဲဒီတစ်မှာပဲ ပြီးဆုံးခဲ့၊
ငါ့ဆီက ထွက်သွားသောစကားလုံးများ
ငါ့ဆီပြန်ရောက်လာတဲ့အခါ
အဓိပ္ပာယ်တွေပြောင်းသွားပြီ။


(၅)

ခပ်ငယ်ငယ်အရွယ်
အရာရာကို အရွဲ့တိုက်ဖို့ပဲ စဉ်းစားတတ်ချိန်
လောကဓံဆိုတဲ့ စကားလုံးကို
ရယ်သွမ်းခဲ့ဖူးတယ်။
အချစ်ဆိုတာကို
ကိုးကွယ်ရှူးသွပ်ဖူးတယ်။
အနက်အဓိပ္ပာယ်ကို အလကားကိစ္စလို့
အထင်လွဲဖူးတယ်။

# ၃၀ သစ်ရွက်တို့၏ပေါ့ဆခြင်းများ

ငါက
ရှိုက်ကြီးတငင်လက်မှတ်တွေကို
အမှတ်တရ သိမ်းထားတတ်သူ၊
စံပယ်တွေကို စွဲလန်းခဲ့သူ၊
ကောင်မလေးတစ်ယောက်ကို ဝတ္ထုရေးဖူးသူ၊
အများတွေ များလွန်းပေမယ့်
ခဲဖျက်ဆိုတာကို အသုံးမပြုသူ၊
ကြာလာတော့
ကိုယ့်ကိုယ်ကို တွေ့ရှိမှုအဖြစ်
ဝေဝါးခြင်းတွေခါးတယ်။

ငါ့ဘဝကို
ကစားပွဲတွေနဲ့ဖြတ်သန်း၊
ဒါပေမယ့် အနီကဒ်ကို နှစ်ခြိုက်သူဘောလုံးသမား
ဘယ်သူရှိခဲ့ဖူးသလဲ။


MALING NOE

(၆)

အစီအစဉ်အရ
ဆိုခဲ့ပြီးပြီ . . .
အောင်မြင်ခဲ့တဲ့ ဝါကျများအကြောင်း။

သက္ကရာဇ်အဟောင်းတစ်ခုမှာ
ဆန္ဒအသစ်တွေ၊
ငါ မစဉ်းစားရသေးတဲ့
နောက်ထပ်နေ့ရက်တွေ၊
ပိန်ပိန်သေးသေး ကောင်မလေးတစ်ယောက်ရဲ့
စိုးရိမ်တကြီးအချစ်တွေ၊
ပရုပ်လုံးရနံ့နဲ့
အကျီအဝတ်အစားတွေ၊
အားလုံးကို မကြာခင်ကပဲ
ဟားတိုက်မောင်းထုတ်ပစ်ခဲ့ပြီ။

## ၃၄ သစ်ရွက်တို့၏ပေါ့ဆခြင်းများ

သင်ရော၊ ကျွန်ုပ်ပါ
ကိုယ့်မှတ်ပုံတင်ကို ကိုယ်
သေချာကြည့်ခဲ့ကြသားပဲ။
တစ်ဦး၏အချိန်များတွင် တစ်ဦး
မသိမသာ ခိုအောင်းခဲ့ကြသားပဲ။
လောကဟာ ငါတို့ကို
ပေါ့ပါးတာနဲ့ တစ်ပြိုင်ထဲ လေးနက်ရမယ်လို့
သင်ကြားခဲ့တာပဲ။

ဘယ်သူမှ မဆုံးသေးတဲ့
သံသရာသီချင်းအတွက်
ငါ့အနုပညာဟာ
ဇာတ်နာဖို့လိုရဲ့။
ကျယ်လောင်ဖို့လိုရဲ့။

(၇)

ချွေးထွက်များတဲ့ အသိညဏ်ဟာ
အဘိဓမ္မာဆရာထက် ပါးနပ်တယ်။

အခုကမ္ဘာမှာ အသံတစ်ခုက
အီလက်ထရောနစ်အမှိုက်တဲ့
ငှါခေါင်းထဲမှာရော
အဲဒီလို အမှိုက်တွေ ဘယ်လောက်များပြားနေပြီလဲ။
စဉ်းစားရဦးမယ်။

# ၃၆ သစ်ရွက်တို့၏ပေါ့ဆခြင်းများ

ရောက်ရှိလာတဲ့ မာနတရား၊
ရောက်ရှိလာတဲ့ အနက်ရောင်ထုံးစံ၊
ရောက်ရှိလာတဲ့ မျက်နှာဖုံး၊
နောက်ထပ် ရောက်ရှိလာဦးမယ့် အပျော်တမ်းများ၊
ဒါတွေအားလုံး အရေးပေါ် ဆိုပေမယ့်
မေတ္တာတရားနဲ့ စာနာမှုကိုတော့
မိုးမခေါင်စေချင်ဘူးပေါ့။
သူတို့နဲ့ ပေါင်းဖော်မှ
လောင်းကျော်မှာ မဟုတ်ပေမယ့်
ငါက ဖဲသမားတစ်ဦးရဲ့ရင်ခုန်သံကိုမှ လိုချင်သူလေ။

အဲသလိုမျိုး
ကိုယ့်ကိုယ်ကို မှန်ကြည့်ခဲ့၊
လူ့အဖြစ်ကို ဣန္ဒြေမဲ့ခဲ့၊
မြေကြီးပေါ် မှာ လမ်းလျှောက်ပစ်ခဲ့။

(၈)

ငြီးငွေ့ခဲ့တဲ့အဖြစ်အပျက်တစ်ခုမှာ
ငါဟာ ဓားစစ်စစ်တစ်လက်ဖြစ်ရဲ့
မိမိကိုယ်ကို အဆုံးသတ်ဖို့ပေါ့။

(၉)

ဟော-

မင်းကြားလိုက်သလားအချစ်ရေ

ငါတို့စစ်ပွဲရဲ့ ဓမ္မတေးသံကို။

လူတစ်ဦးဟာ လူတစ်ဦးကို

ဘယ်လောက်အထိ မှားယွင်းပြတတ်သလဲ။

အချိန်တန်တဲ့အခါ

သင်လည်း မေးခွန်းတွေကို ဖြေရမယ်။

ဒါပေမယ့်

ဘယ်မှာလဲ ကျွမ်းကျင်မှု၊

ဘယ်မှာလဲ တစ်ကိုယ်တော် ထွက်ပြေးခြင်းဝါဒ၊

ဘယ်မှာလဲ ခေါင်းကိုက်ရောဂါ။

အားလုံးပြီးဆုံးတဲ့အချိန်
ငါတို့အလွမ်းတွေကိုလည်း
ဆွဲစုတ်ပစ်လိုက်ရုံပါပဲ။

သမိုင်းစာမျက်နှာပေါ်မှာ
အနာဂတ်ရတွေ မရှိဖို့တော့လိုတယ်။

ငါ့ခေတ်ရဲ့ပြတင်းပေါက်များမှာ
ငါရှိနေဦးမှာပါ။
နယ်မြေဟောင်းမှာပဲ
ခံစားမှုအသစ်တွေကို ရှာဖွေဦးမှာပါ။
လူတန်းစေ့အနုပညာနဲ့
ငါသတ္တိရှိနေဦးမှာပါ။

# ၄၀ သစ်ရွက်တို့၏ပေါ့ဆခြင်းများ

(၁၀)

ငါ့ဘဝပွဲတော်ရဲ့ ရက်စွဲများ
ကုန်လွန်သွားတဲ့အခါ
ငါ့ဘေးမှာ မင်းရှိနေဖို့လိုတယ်။

လူ့မှတ်ဉာဏ်ဟာ
မသုံးတာကြာရင် ပျက်စီးတတ်တယ်။
အခုကြည့်. . .
ငါဘုရားရှိခိုးအလွတ်မရတော့ဘူး။
ကျောင်းဆင်းချိန်သီချင်းအလွတ်မရတော့ဘူး။
ဒီအတွက်တော့ မင်းက
ငါ့မှတ်ဉာဏ်ထဲမှာ ရှိနေရဦးမယ်။


ငါတို့ ကံကြမ္မာဟာ
ပြောင်းလဲလာတော့မှာပါ။
စိတ်ပျက်မသွားပါနဲ့အချစ်ရယ်
ငါတို့အတွက်
ကံကောင်းတဲ့အချိန်ကာလတစ်ခု
ရောက်လာတော့မှာပါကွယ်။

# ၄၂ သစ်ရွက်တို့၏ပေါ့ဆခြင်းများ

(၁၁)

သက်တောင့်သက်သာ စီမံကိန်းတို့နဲ့
အဝေးမှာကျန်ရစ်ခဲ့သော အဆုံးအရှုံးများ
မင်းလည်းနာကျင်ခဲ့ဖူးမယ်။
ရန်သူ့မြေမှာ
ငါတို့ခိုနားကြစို့အချစ်။
တို့ရဲ့ ကိုယ်ပိုင်စက်ရုံတွေက
ဒဏ်ရာတွေကိုသာ ထုတ်လုပ်ရဲ့။

အဲဒီလိုနဲ့ ငါလည်း
ဖယောင်းတိုင်မီးနဲ့
ငရဲကို ထွန်းညှိလိုက်တယ်။



(၁၂)

အရှေ့အရပ်ကနေ
အနောက်အရပ်အထိ၊
တောင်အရပ်ကနေ
မြောက်အရပ်အထိ၊
အားလုံးသိကြပြီးပြီ။
ငါက တစ်ခါတလေမှ ဖြူစင်သူဆိုတာ. . .။

နေ့နေ့၊ ညည
သဘာဝတရားရဲ့လက်ဆောင်အဖြစ်
ငါ့ကျန်းမာသန်စွမ်းမှုတွေရှိတယ်။
သုညကြွင်းတဲ့ ကိစ္စတွေအတွက်
ငါ့သစ္စာဆိုခြင်းဟာ ရှိတယ်။

# ၄၆ သစ်ရွက်တို့၏ပေါ့ဆခြင်းများ

ဘယ်သူ့အတွက်မှမဟုတ်ဘူး
နေလောင်နေတဲ့ ငါ့အရေပြားတစ်လျှောက်မှာ
မျှော်လင့်ချက်အင်းဆက်တွေက
ရှင်သန်နေတုန်းပဲ။
ငါ့အသက်တွေလည်း
တစ်ရက်ထက်တစ်ရက် ကြီးလာပြီ။
မနေ့ကကို မနေ့ကအတိုင်း
ထားလိုက်ကြတော့၊
ဒီနေ့အတွက်
အဲဒီပေါင်မုန့်တွေမှာ အန္တရာယ်ရှိတယ်။

(၁၃)

အချစ်ရေ. . .
နောက်ထပ် အာသာဖြေဖို့အတွက်
ငါ့မှာစကားလုံးတွေ နည်းသွားပြီ။

(၁၄)

အဆင်မပြေတဲ့မြူတွေကို
ငှါ့ခန္ဓာကိုယ်ပေါ်တပ်ဆင်
အိတ်ထဲမှာ ပိုလျှံနေတဲ့နေ့က ရှားတယ်။

အခုဆို
ပုံသဏ္ဍာန်လား၊ အရိပ်လား၊
နံရိုးတွေလား၊ ညည်းငြူခြင်းလား၊
ငါ့အားလုံးကို ခွဲခွဲခြားခြားသိပြီ။
အဖြူ အမည်း သဲကွဲသွားပြီ။

တစ်ယောက်ထဲ မျက်စိမှိတ်ထားမိချိန်
စိတ်ကူးတွေက ဖောင်းပွ၊
ငါ့သူငယ်ချင်းတွေရော
ဘယ်လမ်းမပေါ် ကျွမ်းပစ်နေကြသလဲ။

အလို့ . . ဟိုမှာ
ချစ်သောမွေးဖွားမှုဟာ
ငါ့ကို လက်ပြနှုတ်ဆက်သွားတော့တယ်။ ။

ဝေမျှားသွင်

# သစ်ရွက်တို့၏
# ပျော်ဆခြင်းများ

ဝေမှုံးသွင်